**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

တတိယနေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်**

**( ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၃၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ ၁၄-၁၁-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကမ္ဘာ့ဆီးချို၊ သွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့အခမ်းအနားသို့ တက်ရောက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကမ္ဘာ့ဆီးချို၊ သွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ တက်ရောက်ရန်။ ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကမ္ဘာ့ဆီးချို၊ သွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ တက်ရောက်ရန်။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်းနှင့် ဗိုလ်မှူးကြီးလှဝင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၂)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၃၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ်အတွင်း အမ်းမြို့နယ်မှ စစ်တွေမြို့နယ်အထိ (၂၀၂ .၃)မိုင်အတွင်း ယာဉ်တိုက်မှု များပြားနေခြင်းနှင့် ဒဏ်ရာရလူနာများအတွက် မည်သို့စီမံဆောင်ရွက်ထားရှိသည်နှင့် ယာဉ်တိုက်မှု လျှော့ချစေရေး အတွက် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ် အတွင်း အမ်းမြို့နယ် မှ စစ်တွေမြို့နယ်အထိ (၂၀၂.၃)မိုင်အတွင်း ယာဉ်တိုက်မှု များပြားနေခြင်းနှင့် ဒဏ်ရာရလူနာများ အတွက် မည်သို့စီမံဆောင်ရွက်ထားရှိသည်နှင့် ယာဉ်တိုက်မှု လျှော့ချစေရေးအတွက် မည်သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်း တစ်ခုအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရေးအတွက် ရန်ကုန်မှ မင်းဘူး-အမ်း-စစ်တွေ ကားလမ်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ခရီးသည် ပို့ဆောင်ရေးကားဂိတ်များ၊ ကုန်သည် ကားဂိတ်များ ဖွင့်လှစ်ရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြပါတယ်။ ယခုအချိန်မှာ အဆိုပါ ကားဂိတ်များမှ ကားကြီး၊ ကားငယ်များ မြောက်မြားစွာ သွားလာလျက်ရှိပြီး ကိုယ်ပိုင်ကားများ၊ မော်တော်ဆိုင်ကယ်များ၊ များပြားလာမှုကြောင့် အမ်းမြို့နယ်မှ စစ်တွေမြို့ပေါ်ထိ လမ်းပေါ်တွင် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားနေကြောင်း သိရှိရပါတယ်။ ယခုအချိန်တွင် ကားလမ်းလည်း ကောင်းမွန်လာမှုကြောင့် ယာဉ်တိုက်မှု ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရပြီး ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိမှု၊ သေဆုံးမှုများ များပြားလာနေကြောင်းလည်း သိရှိရပါတယ်။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ် တစ်ခုတည်းတွင် ၂၀၁၇ ခုနှစ်တွင် သာမန်ဒဏ်ရာ(၈၂)ဦး၊ ပြင်းထန်ဒဏ်ရာ(၄၀)ဦး၊ သေဆုံး(၅)ဦး ရှိခဲ့ပြီး၊ စစ်တွေ ဆေးရုံသို့ (၄၀)ဦး လွှဲပြောင်းခဲ့ရကြောင်း သိရပါတယ်။

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအထိ သာမန်ဒဏ်ရာ(၁၂၄)ဦး၊ ပြင်းထန်ဒဏ်ရာ(၂၅)ဦး၊ စစ်တွေသို့ လွှဲပြောင်းလူနာ (၂၃)ဦး ရှိခဲ့ပြီး၊ သေဆုံး(၅)ဦး ရှိခဲ့ပါတယ်။ တခြားမြို့နယ်များတွင်လည်း များစွာ ရှိနေနိုင်ပါတယ်။ ယာဉ်တိုက်မှု ဖြစ်ပွားလာပါက လမ်းပေါ်တွင် ကူညီသူမဲ့ ဖြစ်နေကြပြီး ဆေးရုံသို့ အလျင်အမြန် ရောက်ရှိစေရေး ကူညီပေးမည့်သူများနဲ့ ယာဉ်တိုက်မှုများကို အချိန်မီစစ်ဆေးရန် လိုအပ်မှာဖြစ်ပြီး အစိုးရအနေဖြင့် အစီအမံများကို ဆောင်ရွက်ကာ ယာဉ်တိုက်မှုဖြစ်သည့်နေရာများကို အမြန်ဆုံး ရောက်ရှိစေရေးနှင့် ကူညီပေးနိုင်ရေး ဆောင်ရွက်ထားရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒဏ်ရာရလူနာများကိုလည်း မြို့နယ်အလိုက် လူမှုအဖွဲ့အစည်းများမှ ဆေးရုံသို့ အချိန်မီရောက်ရှိစေရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေကြကြောင်း သိရပါတယ်။

အစိုးရအနေဖြင့်လည်း ဒဏ်ရာရလူနာများ၊ အသက်မဆုံးရှုံးစေရေး၊ အချိန်မီကုသပေးနိုင်ရေးတို့အတွက် အစီအမံများဆောင်ရွက်ပြီး လုပ်ဆောင်ထားရန်လည်း အရေးတကြီးလိုအပ်မှာဖြစ်ပါတယ်။ အမ်းမြို့နယ်မှ စစ်တွေမြို့နယ်ထိ ကားလမ်းမှာ အမ်းမြို့နယ်၊ မြေပုံမြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် စစ်တွေမြို့နယ်အထိ ဖြတ်ပြီး ဖောက်လုပ်ထားခြင်းဖြစ်ပြီး လမ်းမှာလည်း ကတ္တရာလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ ပြောင်းပြီး ဖောက်လုပ်လာမှုကြောင့် လမ်းမှာကောင်းမွန်လာပြီဖြစ်တဲ့အတွက် ယာဉ်များအရှိန်ပြင်းစွာ မောင်းနှင်လာမှုကြောင့် ယာဉ်တိုက်မှုများ

များပြားနေခြင်းအပေါ် အစိုးရအနေနဲ့ ထိန်းကျောင်းပေးနိုင်ရေး မျှော်ကိုးပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။

ရခိုင်ပြည်နယ် အမ်းမြို့နယ် မှ စစ်တွေမြို့နယ်အထိ (၂၀၂.၃)မိုင်အတွင်း ယာဉ်တိုက်မှုများ ဖြစ်ပွားနေမှုနှင့် ဒဏ်ရာရလူနာများကို အစိုးရအနေနဲ့ အစီအမံ ဆောင်ရွက်ထားရှိမှုနှင့် ယာဉ်တိုက်မှု လျော့ချစေရေး၊ စီမံဆောင်ရွက်ထားရှိမှုကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မေးမြန်းတဲ့ မေးခွန်းအပေါ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မင်းဘူး - အမ်း - စစ်တွေလမ်းကို ၂၀၁၂ ခုနှစ်မှ စတင်၍ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ် အမ်း - စစ်တွေ လမ်းအပိုင်းမှာ ကွန်ကရစ်လမ်း(၉၁)မိုင်၊ ကတ္တရာလမ်း (၁၀၈)မိုင်၊ (၃)ဖာလုံ ရှိပါတယ်။ ထိုသို့ လမ်းများအဆင့်မြှင့်တင်ခဲ့တဲ့အတွက် လမ်းများ တိုးတက် ကောင်းမွန်လာခြင်းနှင့်အတူ ယာဉ်တိုက်မှုများ၊ ယာဉ်မတော်တဆ တိမ်းမှောက်မှုများ ဖြစ်ပေါ်လာလျက် ရှိပါတယ်။ ထိုသို့ ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှုများဟာ တောင်ဆင်း၊ တောင်တက် များပြားခြင်း၊ အကွေ့အကောက်များပြားခြင်း၊ ယာဉ်များရဲ့ ကြံ့ခိုင်မှု အားနည်းခြင်း၊ ယာဉ်မောင်းရဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းခြင်းတို့ကြောင့် ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းများမှာ လမ်းညွှန်အမှတ်အသားများ စိုက်ထူထားရှိခြင်း၊ (၆၀)ကီလိုမီတာအထက် ပိုမမောင်းရန် သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ယာဉ်မောင်းသူများ စည်းကမ်းလိုက်နာရေး ကြပ်မတ်ဆောင်ရွက်ခြင်းတို့ဖြင့် ထိန်းကျောင်းပေးလျက်ရှိ ပါတယ်။ အမ်းမြို့နယ်မှ စစ်တွေမြို့နယ်အထိ ရန်ကုန်- စစ်တွေ ကားလမ်းမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ ယာဉ်မတော်တဆမှု၊ ဖြစ်ပွားမှု (၆၃၁)မှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ (၂၄၅)ဦး၊ ဒဏ်ရာရသူ(၁၀၁၆)ဦးနဲ့ တရားခံ (၇၃၀)ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ခဲ့ပါတယ်။ ထို့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိတဲ့ ယာဉ်မောင်းများအားလည်း မော်တော်ယာဉ် ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ရာမှာ ၂၀၁၆ ခုနှစ် မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ ကား(၂၀၆)စီး၊ ဆိုင်ကယ်(၃၈၂၀)စီး၊ သုံးဘီးဆိုင်ကယ် (၈၉)စီး၊ စုစုပေါင်း (၄၁၁၅)စီးမှ ယာဉ်မောင်း

(၄၁၁၅)ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းရရှိပါက သက်ဆိုင်ရာ ရဲစခန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ အခင်းဖြစ်ရာသို့ သွားရောက်ပြီး ဒဏ်ရာရရှိသူအား အမြန်ဆုံး ဆေးကုသနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်၊ မော်တော်ယာဉ်၊ လူနာတင်ယာဉ်များအသုံးပြု၍ အနီးစပ်ဆုံး ဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်ပေးလျက်ရှိပါတယ်။

ထိုသို့ ပို့ဆောင်ရာမှာ အမ်းမြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်(၂)စီး၊ မြို့နယ်ပြည်သူ့ဆေးရုံနဲ့ လူမှုကူညီရေးအသင်းတို့မှ မော်တော်ယာဉ် (၅)စီး၊ ရေပူမြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် (၁)စီး၊ မြို့နယ် ပြည်သူ့ဆေးရုံမှ မော်တော်ယာဉ် (၁)စီး၊ မင်းပြားမြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် (၁)စီး၊ မြို့နယ်ပြည်သူ့ဆေးရုံမှ မော်တော်ယာဉ် (၁)စီး၊ မြောက်ဦးမြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် (၃)စီး၊ မြို့နယ်ပြည်သူ့ဆေးရုံနဲ့ လူမှုကူညီရေးအသင်းတို့မှ မော်တော်ယာဉ် (၄)စီး၊ ကျောက်တော်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် (၁)စီး၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် လူမှုကူညီရေးအသင်းတို့မှ မော်တော်ယာဉ် (၂)စီး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် (၁)စီး၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ် (၃)စီး၊ စစ်တွေမြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် (၄)စီး၊ မြို့နယ်ပြည်သူ့ဆေးရုံနဲ့ လူမှုကူညီရေးအသင်းတို့မှ မော်တော်ယာဉ် (၁၃)စီး၊ စုစုပေါင်း ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ် (၁၃)စီး၊ ပြည်သူ့ဆေးရုံနဲ့ လူမှုကူညီရေးအသင်းပိုင် မော်တော်ယာဉ် (၂၉)စီးတို့ဖြင့် ဒဏ်ရာရရှိသူများအား ဆေးကုသနိုင်ရေးအတွက် အနီးစပ်ဆုံး ဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်ပေးလျက်ရှိပါတယ်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီရဲ့ လမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီက ကြီးကြပ်၍ အမ်း - စစ်တွေ ကားလမ်းအပါအဝင် ရခိုင်ပြည်နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပြီး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ စာသင်ကျောင်းများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ပတ်သက်၍ ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်မောင်းသူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်ထားခြင်း၊ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်သူများအား စစ်ဆေးအရေးယူခြင်း၊ ဝန်ပိုတင်ဆောင်သည့် ကုန်တင်ယာဉ်များအား စစ်ဆေးအရေးယူခြင်း၊ ယာဉ်များမှာ တပ်ဆင်ရမယ့် ပစ္စည်းပြည့်စုံမှုနှင့် ရှိ/မရှိ ရှောင်တခင် စစ်ဆေးအရေးယူခြင်း၊ ယာဉ်အား မဆင်မခြင်မောင်းနှင်၍ သေဆုံးမှုဖြစ်ပွားပါက ဥပဒေနှင့်အညီ ထိရောက်စွာ ပြစ်ဒဏ်ရရှိရေးဆောင်ရွက်ခြင်း၊ လမ်းညွှန်သတိပေးဆိုင်းဘုတ်များ စိုက်ထူပြီးသည့် နေရာများကို စိစစ်၍ လမ်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို မြို့ပေါ်နဲ့ကျေးလက်ဒေသများမှာ ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ (၅၅၅)ကြိမ်မှာ ပြည်သူလူထု(၆၂၈၈၁)ဦး၊ ဝန်ထမ်း(၂၆၆၈)ဦး၊ ကျောင်းသား၊ ကျောင်းသူ (၃၀၄၃၄)ဦး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် (၆၉၅၂)ဦး၊ အငှားယာဉ်လုပ်သား (၃၁၁)ဦးတို့အား အသိပညာပေးဟောပြောနိုင်ခဲ့ပြီး လက်ကမ်းစာစောင် (၁၀၄၆၉၀)စောင်ကို ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ယာဉ်တိုက်မှုများ ဖြစ်ပွားလာပါက ဆက်သွယ်နိုင်ရန်အတွက်ကို သက်ဆိုင်ရာ

ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ဖုန်းနံပါတ်တွေ သက်ဆိုင်ရာ ရဲစခန်း ဖုန်းနံပါတ်များကိုလည်း ပြည်သူများ သိရှိရန် ပညာပေး လက်ကမ်းစာစောင်များမှာ ထည့်သွင်း ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမ်း - စစ်တွေ ကားလမ်းအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ ယာဉ်မတော်တဆမှု လျော့နည်းကျဆင်း စေရေးအတွက် ရခိုင်ပြည်နယ်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီရဲ့ ကြီးကြပ်မှုနဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သက်ဆိုင်ရာဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနဲ့ အစီအမံများ ရေးဆွဲဆောင်ရွက် လျက်ရှိပြီး ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်ရေး အသိပညာပေး လက်ကမ်းစာစောင်များအား တစ်ပတ်လျှင်နှစ်ကြိမ် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက်ရှိရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးကောင်စီရဲ့ ဆွေးနွေးဆုံးဖြတ်ချက်များ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ က ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကယား ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးပါမည် သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကို တင်ပြလိုပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ဖရူဆိုမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၈ - ၂၀၁၉

ဘဏ္ဍာရေးနှစ်အတွက် (၁၇၀ x ၃၀)ပေ (၅)ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို တင်ပြတောင်းခံထားပါတယ်။ ထိုသို့ တင်ပြတောင်းခံခြင်းမှာ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသူ၊ ကျောင်းသားဦးရေ (၁၅၅၁)ယောက်ရှိပြီး စံပယ်ဆောင် ဆိုသည့် ကျောင်းဆောင်မှာလည်း အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်နေ၍ လိုအပ်ချက်အရ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဖရူဆိုမြို့နယ် တစ်ခုလုံးတွင် အခြေခံပညာအထက်တန်းကျောင်းအနေဖြင့်လည်းကောင်း၊ စာစစ်ဌာနအနေဖြင့်လည်းကောင်း အဆိုပါကျောင်းတစ်ကျောင်းသာရှိပြီး မြို့နယ်တစ်ခုလုံး၏ အဓိကအားထားရာ အထက်တန်းကျောင်း ဖြစ်ပါတယ်။ ယခုအခါ ကျောင်းဆောင်အခက်အခဲကြုံတွေ့နေရကြောင်းကို ဒေသခံ ကျောင်းသား၊ ကျောင်းသူ မိဘအသိုက်အဝန်းနှင့် ကျောင်းဆရာ၊ ဆရာမအသိုက်အဝန်းမှ တင်ပြလာသောကြောင့် အထက်ပါမေးခွန်းများကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်တွင်းရှိ ပုဂ္ဂလိကသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ပြည်ပတက္ကသိုလ်သို့မဟုတ် ပညာရေးအဖွဲ့အစည်းများ ပူးပေါင်းသင်ကြား၍ ပေးအပ်နေသော ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့လက်မှတ်များကို မှန်ကန် ခိုင်မာမှုနှင့် အရည်အသွေး ပြည့်မီမှုတို့ကို စိစစ်၍ မှန်ကန်မှုမရှိပါက အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပညာရေးနှင့် ပတ်သက်သော သင်တန်းကျောင်း ကြော်ငြာများတွင် အတုအယောင် မက်လုံးပေး ဆွဲဆောင်မှုများကြောင့် ကျောင်းသား၊ ကျောင်းသူများ နစ်နာဆုံးရှုံးမှု မရှိစေရန် မည်သို့စီမံထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက ပြည်တွင်းရှိ ပုဂ္ဂလိကသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်ပတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများ ပူးပေါင်းသင်ကြား၍ ပေးအပ်နေသော ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့လက်မှတ်များကို မှန်ကန်ခိုင်မာမှုနှင့် အရည်အသွေးပြည့်မီမှုတို့ကို စိစစ်၍ မှန်ကန်မှုမရှိပါက အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပညာရေးနှင့် ပတ်သက်သော သင်တန်းကျောင်းကြော်ငြာများတွင် အတုအယောင်မက်လုံးပေး ဆွဲဆောင်မှုများကြောင့် ကျောင်းသား၊ ကျောင်းသူများ နစ်နာဆုံးရှုံးမှု မရှိစေရန် မည်သို့ စီမံထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေ မဖြစ်မနေဆောင်ရွက်ရပါမယ်။ ဒါကြောင့်လည်း ပညာရေးမူဝါဒကော်မရှင်ကို ဖွဲ့စည်းပြီး ခေတ်နောက်ကျခဲ့တဲ့ပညာရေးစနစ်၊ ကမ္ဘာ့အလယ် ဝင်မဆံ့ခဲ့တဲ့ ပညာရေးစနစ်၊ ပညာရေးအဆင့်အတန်းကို မြှင့်တင်နိုင်ဖို့ ဆောင်ရွက်နေတာတွေ့ရပါတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ ခိုင်မာအားကောင်း

လာပြီး ရေရှည်တည်တံ့လာဖို့ ကြိုးပမ်းဆောင်ရွက်ရာမှာ အချိန်ယူရမှာဖြစ်ပေမယ့်လည်း အချိန်ဆွဲနေလို့ မဖြစ်ပါဘူး။ နည်းပညာအသစ်တွေ အချိန်နှင့်အမျှ ပြောင်းလဲနေပြီး ပြိုင်ဆိုင်မှု ပြင်းထန်လာတဲ့ခေတ်ကြီးမှာ ကျွန်တော်တို့နိုင်ငံ ဆက်လက်နောက်ကျ ကျန်နေဦးမယ်ဆိုရင် ကျွန်တော်တို့မျိုးဆက်တွေဟာ သူတစ်ပါးခြယ်လှယ် အသုံးချခံဘဝနဲ့ ရှင်သန်သွားရပါလိမ့်မယ်။ ဒါကြောင့် ပညာရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဟာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကကျပါတယ်။ လိုအပ်တဲ့ ပညာရေးဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်းကလည်း အရေးကြီးပါတယ်။ ဥပဒေများ ခေတ်မီ ခိုင်မာအားကောင်းမှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပဒေများကို စည်းကြပ်နိုင်မှလည်း အရည်သွေးရှိတဲ့ပညာရေးကို သုံးစွဲခွင့်ရပြီး ရလဒ်ကောင်းတွေ ပေါ်ထွက်လာနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအဆင့်မမီမှုနဲ့ ဥပဒေစည်းနှောင်မှု အားနည်းနေတဲ့အခြေအနေကို အခွင့်ကောင်းယူပြီး အရည်အသွေးစစ်မှန်မှု မသေချာဘဲ ပညာရေးဈေးကွက်ထဲကို နိုင်ငံရပ်ခြားကနေ အမျိုးအမည်ပေါင်း နှစ်ဆယ်ကျော်ခန့်နဲ့ ကျောင်းပေါင်း(၁၀၀) ကျော်ခန့် ဝင်ရောက် နေရာယူထားတာတွေ့ရပါတယ်။ အဲဒီကျောင်းတွေနဲ့ ချိတ်ဆက်လုပ်ကိုင်နေတဲ့ Awarding Body (၂၅)ခုခန့်လည်း တွေ့ရပါတယ်။ သူတို့ကို သက်ဆိုင်ရာနိုင်ငံက အသိအမှတ်ပြု/မပြု မသေချာပါဘူး။ အဲဒီကျောင်းတွေဟာ စီးပွားရေးတွက်ခြေကိုက်မှုကို အဓိကထားပြီး အတုအယောင် သို့မဟုတ် အဆင့်မမြင့်တဲ့သင်ခန်းစာများကိုသာ ပို့ချသင်ကြားပေးနေမယ်ဆိုရင် ကျောင်းသူ၊ ကျောင်းသားများနဲ့ သားသမီးပညာရေး အဆင့်မြင့်ဖို့ မျှော်လင့်ချက်ကြီးမားတဲ့ မိဘများသာ ဆုံးရှုံးနစ်နာရုံသာမက မြန်မာ့ပညာရေးစနစ်ပါ ဂုဏ်သိက္ခာထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့်မို့ ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ မြို့ကြီးမှာ ကြော်ငြာအားကောင်းကောင်းနဲ့ ဖွင့်လှစ်နေတာကို စိစစ်ဖို့ အရေးတကြီး လိုအပ်နေတယ်လို့ မြင်ပါတယ်။ ပူးပေါင်းဆောင်ရွက်တယ်ဆိုတဲ့ နိုင်ငံခြားက ပညာရေးအဖွဲ့အစည်းတွေကိုလည်း စိစစ်ရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအများစုဟာ ပညာရေးအဆင့်အတန်းမြှင့်တင်ရန်နဲ့ နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်တွေနဲ့ ပညာရေးအရည်အသွေးအကဲဖြတ် စိစစ်ကြပ်မတ်တဲ့ အဖွဲ့အစည်းတွေ ဖွဲ့စည်းထားရှိကြပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အမျိုးသားပညာရေးအဆင့်အတန်းနဲ့ ပညာရေးအရည်အသွေး အာမခံမှု အကဲဖြတ်ရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ပုဂ္ဂလိကပညာရေးလုပ်ငန်းများ စိစစ် အကဲဖြတ်တဲ့လုပ်ငန်းများ ဆောင်ရွက်နေတာ မတွေ့ရသေးပါဘူး။ ပညာရေးမူဝါဒကော်မရှင်ရဲ့ တတိယ(၆)လပတ် အစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်ကို ကော်မတီ ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းတဲ့နေရာမှာ ပုဂ္ဂလိကတက္ကသိုလ်များဖွင့်လှစ်သော သင်တန်းများ၊ အစီအစဉ်များကို အသိအမှတ်ပြုခြင်းနဲ့ နိုင်ငံတကာတက္ကသိုလ်များနဲ့ ပူးပေါင်းဖွင့်လှစ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကကျောင်းဥပဒေ ပြဋ္ဌာန်းရန် လိုအပ်တယ်လို့ ပြောသွားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကကျောင်း ပညာရေးဥပဒေ ပြဋ္ဌာန်းပြီးတဲ့အထိ စောင့်နေပြီး ရှိနေတဲ့ သင်တန်းမျိုးစုံကို လျစ်လျူရှုထားမယ်ဆိုရင် အဲဒီသင်တန်းကျောင်းတွေရဲ့ သင်ရိုးညွှန်းတမ်း၊ ဆရာ၊ ဆရာမများရဲ့ အရည်အချင်းနဲ့ထုတ်ပေးမယ့်လက်မှတ်များ မှန်ကန်မှု အဆင့်အတန်း မပြည့်မီပါက

နိုင်ငံတကာအဆင့်မီပညာရေးကို မျှော်လင့်ကာ အားကိုးတကြီး တက်ရောက်နေခဲ့တဲ့ သင်တန်းသားများဟာ အချိန်ကုန်၊ ငွေကုန် အကျိုးမရှိဖြစ်နေကြမှာဖြစ်ပါတယ်။ တကယ်ဆို ကြော်ငြာမှာပါတဲ့ နိုင်ငံရဲ့ Awarding Body ကို Website မှာ အလွယ်တကူရှာလို့ရပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ ကြပ်မတ်တဲ့ အဖွဲ့အစည်းမှာ မှတ်ပုံတင်ထားလား။ သက်တမ်းလွန်နေပြီလားဆိုတာ သိနိုင်ပါတယ်။ အဲဒီမှာ မှန်ကန်တယ်ဆိုရင် အားပေး အသိအမှတ်ပြုပြီး မမှန်ကန်ပါက တရားဝင်မဟုတ်သော အဖွဲ့အစည်းပါလို့ ကော်မတီအနေနဲ့ အများပြည်သူ သိရှိအောင် ကြော်ငြာ အသိပေးမယ်ဆိုရင် ကျောင်းသူ၊ ကျောင်းသားတွေရဲ့ နစ်နာဆုံးရှုံးမှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်တွင်းရှိ ပုဂ္ဂလိကသင်တန်းကျောင်းများရဲ့ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်ပတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများ ပူးပေါင်းသင်ကြား၍ ပေးအပ်နေသော ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့လက်မှတ်များကို ခိုင်မာမှန်ကန်မှုနှင့် အရည်အသွေး ပြည့်မီမှုတို့ကို စိစစ်၍ အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပညာရေးနှင့် ပတ်သက်သော သင်တန်းကျောင်းကြော်ငြာများတွင် အတုအယောင် မက်လုံးပေးဆွဲဆောင်မှုများကြောင့် ကျောင်းသား၊ ကျောင်းသူများ နစ်နာဆုံးရှုံးမှု မရှိစေရန် မည်ကဲ့သို့ စီမံထားသည်ကို သိရှိလိုသောမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဒခွန်ကျေးရွာအုပ်စု၊ ဝမ်လွမ်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်း သို့မဟုတ် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် မှ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဒခွန်ကျေးရွာအုပ်စု၊ ဝမ်လွမ်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်း သို့မဟုတ် အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ထဲမှာပါတဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းဒခွန်ကျေးရွာအုပ်စု၊ ဝမ်လွမ်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာ မူလတန်း(လွန်)ကျောင်း သို့မဟုတ် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဒခွန်ကျေးရွာအုပ်စုဟာ ကျေးရွာပေါင်း(၃၀) ကျော်နဲ့ဖွဲ့စည်းထားတဲ့ ကျေးရွာအုပ်စုကြီးဖြစ်ပါတယ်။ ဝမ်လွမ်းကျေးရွာက ကျေးရွာအုပ်စုရဲ့ အလယ်ဗဟို အချက်အခြာကျတဲ့နေရာမှာ တည်ရှိပါတယ်။ ဒါကြောင့် ဝမ်လွမ်း အခြေခံပညာမူလတန်းကျောင်းသို့ ဝမ်လွမ်းကျေးရွာအနီးမှာရှိတဲ့ ကျေးရွာများဖြစ်တဲ့ ဝမ်းလိမ်း၊ ဝမ်လိန်းလားဟူ၊ ဝမ်ကန်၊ ကောင်းကန်၊ ကောင်းဆန်း စတဲ့ ရွာပေါင်း(၁၂)ရွာမှ ကလေးများ လာရောက်ပညာသင်ယူကြပါတယ်။ ကလေးတွေလည်း လူမျိုးပေါင်းစုံပါကြပါတယ်။ ရှမ်းလူမျိုး၊ အာခါ၊ လားဟူ၊ လီဆူး စတဲ့ တိုင်းရင်းသားကလေးငယ်များ ဖြစ်ကြပါတယ်။ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ အတန်းခွဲ(၅)တန်းသာရှိပြီး ကျောင်းသား၊ ကျောင်းသူ (၉၆)ဦးသာရှိပါတယ်။ ကျောင်းအဆင့် တိုးမြှင့်သတ်မှတ်ရန် ကျောင်းသားဦးရေနဲ့ သတ်မှတ်မည်ဆိုပါက ကျောင်းအဆင့် တိုးမြှင့်ဖို့ လွယ်ကူမှာမဟုတ်ပါဘူး။ ကလေးတွေလည်း အခြားအရပ်ဒေသသို့ ကျောင်းသွားတက်ဖို့ လမ်းပန်းခရီးအရ ခက်ခဲတာကြောင့် မသွားနိုင်ကြပါဘူး။ သူတို့ပညာရေးကလည်း မူလတန်းအဆင့်ကနေ ကျော်နိုင်မှာမဟုတ်တော့ပါဘူး။

ဒါကြောင့် ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ ပညာရေးကဏ္ဍမှာ မြန်မာနိုင်ငံထဲမှာ အနိမ့်ကျဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရဲ့ လူဦးရေ(၈၉.၅)ရာခိုင်နှုန်းဟာ ဘာသာစကားတစ်ခုခု ရေးတတ် ဖတ်တတ်ကြပါတယ်။ စာတတ်မြောက်မှု ရာခိုင်နှုန်းကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်မှာ များစွာကွာဟပါတယ်။ ရန်ကုန်တိုင်းဒေသကြီးက (၉၆.၆)ရာခိုင်နှုန်းဖြစ်ပြီးတော့ စာတတ်မြောက်မှု အမြင့်ဆုံးဖြစ်ပါတယ်။ ရှမ်းပြည်နယ်က (၆၄.၆) ရာခိုင်နှုန်းဖြစ်ပြီးတော့ အနိမ့်ဆုံးဖြစ်နေပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ရှမ်း(၃)ရှမ်းကို ပြန်ကြည့်မယ်ဆိုရင်လည်း ရှမ်း(တောင်)ဖြစ်တဲ့ တောင်ကြီးခရိုင်က (၈၅.၂)ရာခိုင်နှုန်း စာတတ်မြောက်ကြ ပါတယ်။ လွိုင်လင်ခရိုင်နဲ့ လင်းခေးခရိုင်က (၆၀)ရာခိုင်နှုန်းရှိပါတယ်။ ရှမ်း(မြောက်)ဖြစ်တဲ့ ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်တို့မှာလည်း စာတတ်မြောက်မှုရာခိုင်နှုန်းက (၇၀)ကျော်ပါတယ်။ ရှမ်း(အရှေ့)ဒေသတစ်ခုမှာသာ စာတတ်မြောက်မှုနှုန်းက (၃၀)ရာခိုင်နှုန်းကျော်ပဲရှိပါတယ်။ ကျိုင်းတုံခရိုင်က(၃၇.၉)ရာခိုင်နှုန်း၊ မိုင်းဆတ် ခရိုင်က (၃၃.၅)ရာခိုင်နှုန်း၊ မိုင်းဖြတ်ခရိုင်က (၃၆.၇)ရာခိုင်နှုန်းသာဖြစ်ပါတယ်။ ရှမ်း(အရှေ့) ဒေသဟာ အခြားဒေသနဲ့စာရင် ပညာရေးကဏ္ဍမှာ နောက်ကျန်လျက်ရှိပါတယ်။ ဒါကြောင့် ကျောင်းများ ထပ်မံဖွင့်လှစ်ပေးရန် လိုပါတယ်။ လက်ရှိကျောင်းများကိုလည်း အဆင့်မြှင့် သတ်မှတ်ပေးပါရန် လိုအပ်ပါတယ်။

ယခုတင်ပြတဲ့ ဝမ်လွမ်းကျေးရွာဟာ အခြေခံပညာမူလတန်းကျောင်းမှာ ရွာပေါင်း(၁၂)ရွာမှ တိုင်းရင်းသားကလေးငယ်များ သင်ယူနေတဲ့၊ ပညာလာရောက်သင်ယူနေတဲ့ကျောင်း ဖြစ်တယ်။ သွားရေး၊ လာရေးခက်ခဲတဲ့ တောင်ပေါ်ဒေသလည်းဖြစ်တယ်။ အခြားသော အလယ်တန်းကျောင်းနဲ့လည်း ဝေးလံတဲ့အတွက်ကြောင့် ကျောင်းအဆင့် တိုးမြှင့်သတ်မှတ်ပေးပါရန် အဆင့်သတ်မှတ်ချက်ကို ဖြေလျှော့ပေးပြီး အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အနောက်ကျည်စုအုပ်စုရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်း၏ဥပဓိရုပ် ကောင်းမွန်စေရန် လိုအပ်သည်များ ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အနောက်ကျည်စုအုပ်စုရပ်ကွက်အတွင်းရှိ အခြေခံပညာ မူလတန်း(လွန်)ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်း၏ဥပဓိရုပ် ကောင်းမွန်စေရန် လိုအပ်သည်များ ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းမာပြီးတော့ စိတ်ချမ်းသာကြပါစေကြောင်း ဂါရဝရှေ့ထားပြီးတော့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အနောက်ကျည်စုရပ်ကွက်အတွင်းရှိ အမက မူလွန် အနောက်ကျည်စုကျောင်းမှာ ကျွန်တော်တို့ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူပေါင်း(၂၈၆)ယောက်ခန့် ရှိနေပြီးတော့ ကျောင်းဝင်းမှာလည်း အကျယ်အဝန်းအားဖြင့်(၂၅၀ x ၁၅၀)ပေ ရှိနေတဲ့အတွက် အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အဆိုပါကျောင်းရဲ့ ခြံစည်းရိုးတွေ၊ သွပ်မိုးတွေ၊ ကျောင်းတွင်းလမ်းတွေ၊ ကျောင်းရဲ့ဥပဓိရုပ် ကောင်းမွန်စေရန် ဆေးသုတ်ခြင်း စတဲ့ ပြုပြင်မွမ်းမံစရာများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလာရခြင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အနောက်ကျည်စုရပ်ကွက်အတွင်းရှိ လူဦးရေဟာ (၃၄၂၆)ဦးခန့် နေထိုင်လျက်ရှိပြီးတော့ ရပ်ကွက်အတွင်းရှိ မူလွန်ကျောင်းမှာ တက်ရောက်နေတဲ့ ကျောင်းသူ၊ ကျောင်းသားပေါင်း(၂၈၆)ယောက်ခန့် ပညာသင်ကြားလျက်ရှိပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒရှင်များရဲ့ သားသမီးများဖြစ်တဲ့ ကျွန်တော့်ရဲ့သားသမီးများလည်း ဖြစ်ပါတယ်။ အဆင့်မြင့်ပညာများကို အဆင်ပြေချောမွေ့စွာ သင်ကြားခွင့်ရရှိရေးအတွက် မူလွန်ကျောင်းအဆင့်ကနေပြီးတော့ အလယ်တန်းကျောင်းအဆင့်ကို အဆင့်တိုးမြှင့်ပေးစေလိုတဲ့အတွက် အခုလို တောင်းဆိုရခြင်း ဖြစ်ပါတယ်။

အဲဒီအပြင် ကျောင်းရဲ့ ခြံစည်းရိုးများ၊ သွပ်မိုးများ၊ ကျောင်းတွင်းလမ်းများဟာ ပျက်စီးနေတဲ့ အပြင် ကျောင်းကြီးဟာ ဆေးများ ပျက်ပြယ်နေတဲ့အတွက် စတဲ့ ပျက်စီးယိုယွင်းမှုတွေနဲ့ ဥပဓိရုပ် မကောင်းမွန်မှုများကို ပြုပြင်မွမ်းမံပေးစေလိုတဲ့အတွက်ကြောင့်လည်း ပြုပြင်မွမ်းမံပေးရန် အစီအစဉ်

ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင် မြို့နယ်အတွင်းရှိ လူငယ်များ အလုပ်အကိုင်ရရှိရေးနှင့် ဒေသလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်ချက်နှင့် ကိုက်ညီသော သက်မွေးပညာရပ်များ သင်ကြားနိုင်ရန် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း ချထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်းရှိ လူငယ်များ အလုပ်အကိုင်ရရှိရေးနှင့် ဒေသလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်ချက်နှင့် ကိုက်ညီသော သက်မွေးပညာရပ်များ သင်ကြားနိုင်ရန် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း ချထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် လေ့လာသူပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ အထက်က လွှတ်တော်ဥက္ကဋ္ဌကြီး ဖတ်ကြားခဲ့တဲ့ ကျွန်တော့်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျိုးကြောင်း ရှင်းလင်းတင်ပြရန်အတွက် Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ မြန်အောင်မြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီးရဲ့ မြောက်ဖျားဒေသဖြစ်ပြီး ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်း ကြံခင်းမြို့ရဲ့ အရှေ့တောင်ဘက် (၈)မိုင်အကွာမှာ တည်ရှိတဲ့မြို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အထက်အောက်သွားလာနိုင်တဲ့ သဘော်ာဆိပ်တည်ရှိရာ ပုသိမ်-ဟင်္သာတ-အင်္ဂပူ-မြန်အောင်-ကြံခင်း မီးရထားလမ်းလည်းတည်ရှိပြီး ဟင်္သာတ-ဆုံကုန်း-မြန်အောင်-ကြံခင်း ကားလမ်းမှာတည်ရှိတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ မြန်အောင်မြို့ဟာ ဟင်္သာတခရိုင်မှာ ဒုတိယအစည်ကားဆုံးမြို့ဖြစ်ပြီး ဒေသခံမြို့နယ်များဖြစ်တဲ့ ကြံခင်းမြို့နယ်နဲ့ အင်္ဂပူမြို့နယ်တို့ရဲ့အလယ်မှာ ရှိပါတယ်။ တောင်မြောက် ဆက်စပ်မြို့နယ်များအဖြစ် ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာနဲ့ ပန်းတောင်း၊ ဆင်တဲတို့နဲ့ ဆက်စပ်လျက်ရှိပါတယ်။ အထက်ပါ မြို့အားလုံးနဲ့ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းများနဲ့လည်း ဆက်သွယ်ထားပါတယ်။

မြန်အောင်မြို့နယ်မှာ ၂၀၁၈ ခုနှစ် လူဦးရေစာရင်းအရ (၂၂၆၀၀၀)ဦးကျော်ရှိပြီး ကျေးရွာအုပ်စု(၅၈)အုပ်စု၊ ရပ်ကွက်(၁၁)ခုရှိကာ ကျေးရွာပေါင်း(၅၁၇)ရွာနဲ့ ဖွဲ့စည်းထားတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ အဓိကထွက်ကုန်တွေဟာ ဆန်စပါး၊ ပဲ၊ နှမ်းတို့ဖြစ်ပြီး မမြဆည်၊ ကွန်ချောင်းဆည်၊ ကညင်ဆည်နှင့်ငပိဆိပ်၊ ကန်ဇွန်းခုံ၊ မြစ်ကျိုးမှာရှိတဲ့ မြစ်ရေတင်စီမံကိန်းများလည်း ရှိပါတယ်။ ဆည်ရေနှင့်ရေအား

လျှပ်စစ် ရရှိတဲ့မြို့နယ်လည်းဖြစ်ပါတယ်။ မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေနဲ့ ဓာတ်ငွေ့တာဘိုင်(Gas Turbine) လျှပ်စစ်စက်ရုံတို့ဟာ မြို့နယ်အတွင်းမှာရှိပြီးတော့ ကြံခင်းဘိလပ်မြေစက်ရုံနှင့်ကွင်းလှ၊ ထုံးဘို၊ ပန်းတောင်း၊ ဆင်တဲရှိတဲ့ စက်မှုနယ်မြေများနဲ့လည်း တစ်ဆက်တစ်စပ်တည်းရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်အောင်မြို့နယ်မှာ ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူ (၇၇၅)ဦး အပါအဝင် ဟင်္သာတခရိုင်အလိုက် အောင်မြင်တဲ့သူ(၅၈၆၄)ဦး ရှိပြီး အောင်မြင်သူအများစုဟာ သက်မွေးဝမ်းကျောင်းပညာကို သင်ယူလိုကြပါတယ်။ ဟင်္သာတခရိုင်အနေနဲ့ ၂၀၁၅ ခုနှစ် သန်းခေါင်စာရင်း စိစစ်ချက်အရ အထက်တန်းပညာသင်ယူတဲ့ ကျောင်းသားဦးရေနဲ့ သက်မွေးဝမ်းကျောင်းသင်တန်းမှာ တက်ရောက် သင်ယူနိုင်တဲ့ကျောင်းသားအချိုးဟာ (၁.၀၆)ရာခိုင်နှုန်းသာရှိကြောင်းတွေ့ရပါတယ်။ အလုပ်လုပ်ကိုင်နိုင်တဲ့ လူငယ်၊ လူလတ်များဟာ သက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ထားခြင်းမရှိကြသည့်အပြင် မြန်အောင်မြို့နယ် လူမှုစီးပွားဘဝနဲ့ ပြည်သူတို့ရဲ့အသိပညာ မြင့်မားလာစေရန်အတွက် အစိုးရစက်မှုလက်မှုသိပ္ပံ (A.G.T.I) ကျောင်းတစ်ကျောင်း ချထားတည်ထောင်ပေးမည်ဆိုပါက ဒေသအတွက်နှင့် နိုင်ငံအတွက်ပါ အမှန်တကယ် အကျိုးရှိလာမယ် ဖြစ်ပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်အောင်မြို့နယ်မှာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း တည်ထောင်ပေးပါက မြို့နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်နေတဲ့ အခြားမြို့နယ်များဖြစ်တဲ့ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ အင်္ဂပူ၊ ကြံခင်း၊ ပန်းတောင်း၊ ထုံးဘို၊ ဆင်တဲမှ လူငယ်များအတွက်လည်း သက်မွေးပညာ သင်ယူနိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်နားရက်မှာ ပြည်သူများနဲ့ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့တဲ့အခါမှာလည်း ပြည်သူများ တင်ပြဆွေးနွေးချက်အရ မြန်အောင်မြို့နယ်မှာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် များစွာလိုအပ်လျက်ရှိကြောင်း အားရဖွယ်သိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို လေးစားရပါသော အမျိုးသားလွှတ်တော်ကြီးမှ တစ်ဆင့် မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ မြန်အောင်မြို့နယ်အတွင်းရှိ လူငယ်များ အလုပ်အကိုင်ရရှိရေးနှင့် ဒေသလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် မြန်အောင်မြို့တွင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရန် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း ချထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါ၍ အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မြန်အောင်မြို့ သို့ ဟင်္သာတမြို့ မှ အဝင် မြင်ကွင်းပုံ (၇)



ဧရာဝတီတိုင်းဒေသကြီး မြေပုံ ပြပုံ (၇-၁)



မြန်အောင်ရေနံမြေ၊ တွင်းသစ် တူးဖော်ခြင်း ပြပုံ (ဂ-၂)



**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ငါးဦးရဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီး တော့မှ ပြန်လည်ဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူ ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း တည်ဆောက်ရေးနဲ့ပတ်သက်ပြီးတော့မှ အခြေခံပညာကျောင်းဆောင် ပေါင်း(၅၀၀၀)နီးပါးခန့် ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခွင့် ရရှိခဲ့ပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွက်ကတော့ တည်ဆောက်ရေးလုပ်ငန်း(၆)ခုကို မြို့နယ်ဦးစားပေးအစီအစဉ်နဲ့ ထည့်သွင်းလျာထားပေးနိုင်ခဲ့ပါတယ်။ ဖရူဆိုမြို့နယ် ဖရူဆို အခြေခံပညာအထက်တန်းကျောင်းမှာတော့ နှင်းဆီဆောင်(၉၀ x ၃၀)ပေ သွပ်မိုး အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ စံပယ်ဆောင်(၁၈၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ပိတောက်ဆောင်(၁၅၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ယုဇနဆောင်၊

ခရေဆောင်၊ ကုံကော်ဆောင်ကတော့ (၁၇၀ x ၃၀)ပေ RC နှစ်ထပ်စာသင်ဆောင် ဖြစ်ပါတယ်။ စုစုပေါင်းကျောင်းဆောင်(၆)ဆောင်ရှိပါတယ်။

အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသား၊ ကျောင်းသူအရေအတွက်အနေနဲ့ မူလတန်းအဆင့်မှာ (၂၂၆)ဦး၊ အလယ်တန်းအဆင့်တွင် (၈၂၀)ဦး၊ အထက်တန်းအဆင့်တွင်(၅၀၅)ဦး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ(၁၅၅၁)ဦး ပညာသင်ယူလျက်ရှိပါတယ်။ ကျောင်းဆောင်တွေကတော့ ဒါကတော့ နှင်းဆီဆောင်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ စံပယ်ဆောင်ဖြစ်ပါတယ်။ နောက်တစ်ဆောင်ကတော့ ပိတောက်ဆောင် ဖြစ်ပါတယ်။ (၁၅၀ x ၃၀)ပေ အုတ်ညှပ်တစ်ထပ်စာသင်ဆောင်ဖြစ်ပါတယ်။ နောက်တစ်ဆောင်ကတော့ ယုဇနဆောင် ဖြစ်ပါတယ်။ (၁၈၀x ၃၀)ပေ အုတ်ညှပ်တစ်ထပ်စာသင်ဆောင် ဖြစ်ပါတယ်။ ခရေဆောင်ကတော့ (၁၂၀ x ၃၀)ပေ အုတ်ညှပ်တစ်ထပ်ဆောင် ဖြစ်ပါတယ်။ ကုံကော်ဆောင်ကတော့ (၁၇၀ x ၃၀)ပေ RC နှစ်ထပ် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဖရူဆိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသားဦးရေနဲ့ လက်ရှိကျောင်းဆောင်များ အခြေအနေအရ တိုးချဲ့ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ဖို့အတွက် လိုအပ်နေတဲ့ရန်ပုံငွေကိုတော့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်ကနေ ခွဲဝေရရှိမယ့် ရန်ပုံငွေအခြေအနေပေါ် မူတည်ပြီး ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး လျာထားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း တည်ဆောက်ရေးလုပ်ငန်းတွေကို လျာထားဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့မှ ခွင့်ပြုရန်ပုံငွေ ရရှိဖို့အတွက်ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုဖို့ လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အဆင့်မြင့်ပညာဦးစီးဌာနမှာရှိတဲ့ တက္ကသိုလ်တွေမှာ ဖွင့်လှစ်တဲ့သင်တန်းတွေ၊ အခြားဝန်ကြီးဌာနတွေနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီးတော့မှ သင်ကြားပေးနေတဲ့ ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့၊ ဒေါက်တာဘွဲ့ လက်မှတ်တွေရဲ့ အမှန်အကန် ခိုင်မာမှုနဲ့ အရည်အသွေး ပြည့်မီမှုနဲ့ စပ်လျဉ်းပြီးတော့မှ ဖွင့်လှစ်တဲ့ သင်တန်းတွေမှာ သင်ကြားမယ့် မာတိကာ၊ သင်ရိုးညွှန်းတမ်းတွေကို သက်ဆိုင်ရာ တက္ကသိုလ်တွေက ပညာရေးအဖွဲ့တွေ Senate ရဲ့ ထောက်ခံချက်၊ ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့တွေ ဖြစ်တဲ့ Book of Study တွေရဲ့ ထောက်ခံချက်တွေနဲ့ ပါမောက္ခချုပ်တွေက တာဝန်ခံတင်ပြရပြီးတော့မှ အမျိုးသားပညာရေး မူဝါဒကော်မရှင်နဲ့ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီတို့နဲ့ ပါမောက္ခချုပ်များ ကော်မတီတို့ရဲ့ သဘောထားမှတ်ချက်တွေနဲ့ ဆုံးဖြတ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကိုယ်ပိုင်ကျောင်းတွေနဲ့ ပတ်သက်ပြီးလို့ကတော့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနဲ့ ကျွန်တော်တို့ ကိုယ်ပိုင်ကျောင်းတွေကိုတော့ ဖွင့်လှစ် ခွင့်ပြုပေးဖို့အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ကိုယ်ပိုင်ကျောင်းတွေကိုတော့ ကျွန်တော်တို့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေရဲ့ အခန်း(၁)၊ ပုဒ်မ ၂ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပညာရေးအရည်အသွေး မြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနကသတ်မှတ်ထားတဲ့ အခြေခံပညာသင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာတွေကို ဘာသာရပ်များအတိုင်းဖြစ်စေ၊ အဆိုပါ ဘာသာရပ်များအတွက် သင်ခန်းစာများ ထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားသင်ယူပေးတဲ့ ပုဂ္ဂလိက က တည်ထောင်ဖွင့်လှစ်တဲ့ အခြေခံပညာကျောင်းတွေကိုပဲ အခုလောလောဆယ် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒါတွေကို စိစစ်ဆောင်ရွက်ပြီးတော့မှ အခြေခံပညာဦးစီးဌာနကနေပြီးတော့မှ အထက်ပါ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနဲ့အညီ ဖွင့်လှစ်သင်ကြားနေတဲ့ အခြေခံပညာအဆင့် ကိုယ်ပိုင်ကျောင်းနဲ့ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းတွေကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီးတော့ အဆိုပါကိုယ်ပိုင်ကျောင်းများရဲ့ ပညာသင်ကြားမှု၊ သင်ယူမှု အရည်အသွေးပြည့်မီရေးကို အစိုးရအခြေခံပညာကျောင်းများ နည်းတူဖြစ်ရေးအတွက် ကြပ်မတ်စီမံ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်အရ ပြည်တွင်း၊ ပြည်ပမှ ဖွင့်လှစ်တဲ့ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့်အသက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်အတန်း ရှိသောကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်ဟု ပြဋ္ဌာန်းထားတဲ့အတွက် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအတိုင်းဖြစ်စေ၊ သင်ခန်းစာများအတိုင်းဖြစ်စေ သင်ကြားနေတဲ့ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ဖွင့်လှစ်ပေးဖို့အတွက်ကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်ပိုင်ကျောင်းတွေရဲ့ သင်ကြား၊ သင်ယူမှုအပေါ်မှာ စစ်ဆေးခြင်းနှင့်စပ်လျဉ်းပြီးတော့မှ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ဆ)မှာ ကိုယ်ပိုင်ကျောင်း၏ သင်ကြား၊ သင်ယူမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိကိုပါ အခါအားလျော်စွာ စစ်ဆေးစေခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိဖွင့်လှစ်ထားတဲ့ ပုဂ္ဂလိကသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်ပတက္ကသိုလ် သို့မဟုတ် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေများအရ ခွင့်ပြုထားခြင်းမျိုးမဟုတ်ဘဲနဲ့ ကုမ္ပဏီမှတ်ပုံတင်ဥပဒေနဲ့ နည်းဥပဒေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကုမ္ပဏီများ၊ ညွှန်ကြားမှုဦးစီးဌာနမှ ပညာရေးဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီးတော့မှ ဖွင့်လှစ်ခွင့်ပြုဆောင်ရွက်လျက်ရှိတဲ့ ကျောင်းတွေဖြစ်ပါတယ်။ အဲဒီလို ဖွင့်လှစ်ထားတဲ့ ကျောင်းတွေ ဖြစ်တယ်ဆိုလို့ရှိရင်တော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အဲဒီကျောင်းတွေက ပေးအပ်နေတဲ့ ဒီပလိုမာတွေ၊ ဒီဂရီတွေ၊ မဟာဘွဲ့တွေ၊ ဒေါက်တာဘွဲ့ လက်မှတ်တွေရဲ့ မှန်ကန်ခိုင်မာမှုနဲ့ အရည်အသွေးပြည့်မီမှုတွေကို လောလောဆယ် ပုဂ္ဂလိကကျောင်းဥပဒေသည် ပြုစုဆဲနဲ့ အတည်ပြုဖို့အတွက် စိစစ်ဆောင်ရွက်လျက်ရှိနေတဲ့အတွက် ဒီကျောင်းတွေကိုတော့ လောလောဆယ်မှာတော့ စိစစ်နိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကကျောင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီးတော့ အဆိုပါ ဥပဒေ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးမီမှာတော့ ပညာရေးဆိုင်ရာ

ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ခွင့်ပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)မှ တစ်ဆင့် ပေးပို့လျှောက်ထားလာသော ကိစ္စရပ်များအပေါ် ပညာရေးဝန်ကြီးဌာနမှ အမျိုးသားပညာရေး ဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေများအရ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း များဖြစ်ပါက အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသား အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီနှင့် ပါမောက္ခချုပ်များ ကော်မတီတို့ရဲ့ သဘောထားမှတ်ချက်များ ရယူစိစစ်ပေးခြင်းနှင့် အကြံပြုချက်ပေးပို့ခြင်းများကို ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်းနဲ့ ပုဂ္ဂလိကကျောင်းဥပဒေနဲ့ ဥပဒေကြမ်းကို အတည်ပြုနိုင်ဖို့ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အဲဒီလို MIC နဲ့ ပညာရေးဝန်ကြီးဌာန ပူးပေါင်းပြီးတော့မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိတဲ့ အချက်တွေကတော့ ရင်းနှီးမြှုပ်နှံသူအဖွဲ့အစည်းရဲ့ နိုင်ငံသားဖြစ်မှု မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုပုံစံ၊ နိုင်ငံသား၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်နိုင်ငံခြားသား ဖွင့် လှစ်မယ့် ပုဂ္ဂလိကကျောင်း၊ သင်တန်းအမျိုးအစား၊ ပေးအပ်မယ့်သင်တန်းဆင်းလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့လက်မှတ်အမျိုးအစားနှင့် အသိအမှတ်ပြု သည့် အဖွဲ့အစည်း၊ ပေးအပ်မယ့်သင်တန်းဆင်းလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ အောင်လက်မှတ် ဒီပလိုမာ ဘွဲ့လက်မှတ်များရဲ့ နမူနာပုံစံ၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာအမျိုးအစား အမျိုးသား သင်ရိုးညွှန်းတမ်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ ပုဂ္ဂလိကကျောင်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ခံဆောင်ရွက်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင်များရဲ့ ပညာအရည်အချင်း အထောက်အထား၊ ပုဂ္ဂလိကကျောင်း၏ အတန်းများတွင် ဘာသာရပ်အလိုက်သင်ကြားမယ့် ပုဂ္ဂလိကကျောင်းဆရာများရဲ့ ဘွဲ့လက်မှတ်အထောက်အထားများ၊ သင်ကြားရေး အတွေ့အကြုံများနှင့် ကိုယ်ရေးအကျဉ်း၊ ကျောင်းဆရာ၏ နိုင်ငံသားဖြစ်မှု၊ မြန်မာ နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်း၏ ဆရာ၊ ဆရာမနှင့် စီမံခန့်ခွဲရေးဝန်ထမ်း လုံလောက်မှုရှိကြောင်း ဝန်ခံချက်၊ ပုဂ္ဂလိကကျောင်း အမျိုးအစားအလိုက် ထားရှိရမည့်ကျောင်း၊ ပရဝဏ်အဆောက်အအုံ လုံလောက်မှု ရှိ/မရှိနှင့် အသုံးပြုခွင့်ရှိသော အထောက်အထား၊ ပုဂ္ဂလိက ကျောင်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း၊ ပုဂ္ဂလိကကျောင်း တည်ထောင် ဖွင့် လှစ်မည့် ပရဝဏ်၏ဘေးပတ်ဝန်းကျင်တွင် အနီးစပ်ဆုံးနေထိုင်သူ အနည်းဆုံး(၁၀)ဦး၏ သဘောတူ လက်မှတ်ရေးထိုးထားတဲ့ အထောက်အထားနှင့် ယင်းအထောက်အထား မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပညာရပ်ဆိုင်ရာဝန်းကျင်ကောင်း ရှိ/မရှိ၊ ပုဂ္ဂလိက ကျောင်းဝင်း၊ ပတ်ဝန်းကျင်၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများသည် ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကြယ်စေရန် အစီအစဉ်ထားရှိခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ် ထားရှိခြင်း၊ ကျောင်းလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး အစီအစဉ်ထားရှိခြင်း စသည်များ ဖွင့်လှစ်မည့် ပုဂ္ဂလိကကျောင်း အမျိုးအစားလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်၊ အမျိုးသား ပညာရေးဥပဒေ၊ တည်ဆဲပညာရေးဆိုင်ရာဥပဒေများကို လိုက်နာရန်နှင့် နောင်ထွက်ပေါ်လာမည့် ပညာရေးဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ကတိပြုခံဝန်ချက်၊ ပုဂ္ဂလိကကျောင်းပရဝဏ် အတွင်း အရက်သေစာနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းမရှိစေရေး ကတိဝန်ခံချက်၊ ဆရာ၊ ဆရာမနှင့်

ကျောင်းသား၊ ကျောင်းသူများ၏ ကာယိန္ဒြေထိခိုက်မှုမရှိစေရေး ဝန်ခံချက် စသည့်အချက်တွေကို ဒါတွေကို MIC က ခွင့်ပြုပေးဖို့အတွက် စိစစ်ဆောင်ရွက်နေတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနရဲ့ အတည်ပြုချက် ရရှိဖို့အတွက်ကို ဒါတွေကို ပညာရေးဝန်ကြီးဌာနမှ စိစစ်ဆောင်ရွက်သွားမှာ ဖြစ်တဲ့ အတွက် လာရောက်လျှောက်ထားတဲ့ ကျောင်းတွေ၊ အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေကို အသိပေးပြီးတော့၊ လာရောက်ဆက်သွယ်ပေးဖို့အတွက်ကိုတော့၊ MIC နဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ ညှိနှိုင်းဆောင်ရွက်လျက် ရှိတာဖြစ်တဲ့အတွက် ယခု လောလောဆယ်တော့ ကျွန်တော်တို့ ပညာရေး ဝန်ကြီးဌာနအနေနဲ့ (၃)ခုလောက် စိစစ်ဆောင်ရွက်ပေးလျက်ရှိဆဲပဲ ဖြစ်တယ်ဆိုတာ ကျွန်တော် လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ အခြေခံပညာရေးဥပဒေ၊ (TVET - Technical & Vocational, Education & Training) ဥပဒေကြမ်းတွေနဲ့ ပုဂ္ဂလိကကျောင်းဥပဒေကြမ်းများပြုစု၍ အတည်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယအမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်း ခွင့်ပြုဖို့ လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ ၂၀၁၈ ခုနှစ် မေလမှာ အခြေခံပညာကျောင်းပေါင်း (၆၃၈၆)ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၂)ကျောင်း၊ မူလတန်း ကျောင်း(၅)ကျောင်း၊ မူလတန်းလွန်ကျောင်း (၃)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) (၄)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်း၊ အထက်တန်းကျောင်း(၁)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း (၁၇)ကျောင်းကို ကျွန်တော်တို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပါတယ်။ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၂၅၀)ဦးနဲ့အထက်ရှိတဲ့ သို့မဟုတ် သွားရေးလာရေး ခက်ခဲသော တောင်တန်းဒေသ၊ မြစ်ချောင်းပေါများတဲ့ ဒေသဖြစ်လို့ရှိရင်တော့ အနီးဆုံး အလယ်တန်းအဆင့် သို့မဟုတ် အထက်တန်း အဆင့်ကျောင်းနဲ့ (၂)မိုင်အထက်ကွာဝေးခြင်း၊ မြေပြန့်ဒေသဖြစ်လို့ရှိရင်တော့ အနီးဆုံး အလယ်တန်း အဆင့်သင်သောကျောင်းနှင့် (၃)မိုင်အထက် ကွာဝေးတယ်ဆိုလို့ရှိရင်တော့ မူလတန်းကျောင်းကို မူလတန်း(လွန်)ကျောင်းအဆင့် တိုးမြှင့်ပေးလျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျိုင်းတုံ မြို့နယ်၊ ဝမ်လွမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရဲ့ ကျောင်းဆောင်ပုံ ဖြစ်ပါတယ်။ ရှမ်း ပြည်နယ်၊ ကျိုင်းတုံမြို့နယ် မိုင်းဒခွန်ကျေးရွာအုပ်စု၊ ဝမ်လွမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဟာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ယခုပညာသင်နှစ်မှာ စုစုပေါင်းအလယ်တန်း အဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၉၄)ဦးပဲရှိတာကို စိစစ်တွေ့ရှိရပါတယ်။ အနီးဆုံးပင်မကျောင်းဖြစ်တဲ့ ဝမ်အွယ်အခြေခံပညာ အထက်တန်းကျောင်းနှင့် ကုန်းလမ်းခရီး(၁)မိုင်ခန့် ကွာဝေးတယ်လို့ ကျွန်တော်တို့ ဒီလိုလေး စိစစ် တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ အထက်ပါကျောင်းသည် ကျောင်းအဆင့် တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်မှု တွေနဲ့တော့ ကိုက်ညီမှုမရှိသေးတာကိုတော့ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကတော့ ကျွန်တော်တို့ အပေါ်ဆုံးက အစက်ကလေးကတော့ အ.မ.က ဝမ်လွမ်း ဖြစ်ပါတယ်။ ဒီဘက်က လေးထောင့်လေးနဲ့ အနီကတော့ အ.ထ.က ဝမ်အွယ် ဖြစ်ပါတယ်။ အဲဒီနှစ်ခုရဲ့ အကွာအဝေးသည် ကျွန်တော်တို့

လောလောဆယ်မှာတော့ တိုင်းတာမှုအရ (၁)မိုင်ခန့်လို့ ကျွန်တော်တို့ ဒါလေး တွေ့ရှိရပါတယ်။ သို့သော် ရှမ်းပြည်နယ်သည် တောင်တန်းတွေ ထူထပ်တဲ့အတွက် သွားရေးလာရေးခက်ခဲတာတော့ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မူလတန်းလွန်အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ဖို့လို့အတွက်ကိုတော့ ကျွန်တော်တို့ သွားလာမှု ခက်ခဲမှုသည် တောင်တန်းတွေ ဘယ်လောက် ထူတယ်၊ များတယ်၊ သွားရေးလာရေးခက်ခဲတယ်ဆိုတာကို ကျွန်တော်တို့ ပြန်လည်စိစစ်ဖို့ လိုပါတယ်။ ဒီလို သွားလာရေး ခက်ခဲမှုအပေါ်မှာ အထူးစဉ်းစားပြီးတော့မှ စိစစ်ပြီးတော့မှ ဒါ မူလတန်းအဆင့်ထိဆိုရင်တော့ (၁၀)နှစ် အရွယ် ကလေးတွေဖြစ်တဲ့အတွက် (၁)မိုင်သည် တောင်တန်းထူထပ်ရင်တော့ နည်းနည်းလေး သွားလာရေး ခက်ခဲတဲ့အခြေအနေဖြစ်ပါတယ်။ မူလတန်းလွန်ဆိုရင်တော့ ကျွန်တော်တို့က (၇)တန်း လောက်အထိ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ (၁၃)နှစ်၊ (၁၄)နှစ်အရွယ်ကလေးတွေဆိုရင်တော့ (၁)မိုင် ခရီးက တောင်တန်းထူထပ်လို့ရှိရင်တော့ သွားလာဖို့အတွက် နည်းနည်းလေး ပိုမိုအဆင်ပြေ နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သွားလာရေး ခက်ခဲမှုအခြေအနေကို အထူးစဉ်းစား စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စတုတ္ထမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယအမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ၏ မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်း ဖြေကြားခွင့်ပြုဖို့ လေးစားစွာ တင်ပြအပ်ပါတယ်။ ခုနက တင်ပြခဲ့ပြီးတဲ့အတိုင်းပဲ။ ယခုပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း(၆၃၈၆)ကျောင်းကို ကျွန်တော်တို့ ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့ပါတယ်။ ယခု အခြေခံပညာမူလတန်းလွန်ကျောင်းကနေ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့် တိုးမြှင့်ပေးဖို့ မူကတော့ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၂၀၀)ဦးနှင့်အထက် ရှိရမှာ ဖြစ်ပါတယ်။ သို့မဟုတ် သွားလာရေးခက်ခဲတဲ့ တောင်တန်းဒေသ သို့မဟုတ် မြစ်ချောင်း ပေါများသော ဒေသဖြစ်ရင်တော့ အနီးဆုံး အလယ်တန်းအဆင့်သင်ကျောင်း သို့မဟုတ် အထက်တန်းအဆင့်သင် ကျောင်းနဲ့ (၂)မိုင်အထက် ကွာဝေးခြင်း၊ မြေပြန့်ဒေသဖြစ်ရင်တော့ (၃)မိုင်အထက်ကွာဝေးခြင်း ဆိုပြီးတော့ သတ်မှတ်ထားကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ယခု ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ကျည်စုအနောက် အခြေခံပညာ မူလတန်းလွန်ကျောင်းမှာ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၁၂၄)ဦးရှိတာကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး ယခု ဒဂုံမြို့သစ်တောင်ပိုင်းသည် သွားလာရေးလွယ်ကူတဲ့ မြေပြန့်ဒေသဖြစ်ပါတယ်။ အနီးဆုံး ပင်မကျောင်းဖြစ်တဲ့ အ.ထ.က(၃)ဒဂုံတောင်နှင့် (၂)မိုင်ဝန်းကျင်ကွာဝေးတာကို တွေ့ရှိရပါတယ်။ ဒါလေးကိုတော့ ကျွန်တော်တို့ (၂)မိုင်ကိုတော့ အဖြောင့်တိုင်းတာလား၊ ကားနဲ့သွားပြီးတော့ တိုင်းတာလား၊ လမ်းလျှောက်တိုင်းတာလား၊ အဲဒါလေးကိုတော့ ကျွန်တော်တို့ ပြန်လည်စိစစ်သွားမှာဖြစ်ပါတယ်။ အဆိုပါကျောင်းသည် ယခုလောလောဆယ်အခြေအနေမှာတော့ ကျောင်းအဆင့်တိုးမြှင့်ဖို့အတွက် မူနဲ့တော့ ကိုက်ညီမှုမရှိသေးပါဘူး။ သို့သော် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းဟာလည်းပဲ လူဦးရေထူထပ်တာလည်းပဲ အားလုံးအသိပဲဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ကားတွေလည်းပဲ၊ မော်တော်ယာဉ်တွေလည်းပဲ များပြားပြီးတော့မှ ကျောင်းသား၊ ကျောင်းသူတွေ၊ အလယ်တန်းအဆင့်

ကျောင်းသား၊ ကျောင်းသူတွေ သွားလာရေးအတွက်သည်လည်းပဲ ကျွန်တော်တို့ အထူးအလေးထားပြီး စဉ်းစားရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကိုတော့ ကျွန်တော်တို့ ပြန်လည်စဉ်းစားပြီးတော့မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့မှ ပြင်ဆင်ထိန်းသိမ်းဖို့ ကျောင်းခြံစည်းရိုး စတာတွေနဲ့ ပတ်သက်ပြီးတော့မှ ဒါသည် ကျည်စုအနောက် မူလတန်းလွန်ကျောင်းမှာရှိတဲ့ ကျောင်းခြံစည်းရိုး ဖြစ်ပါတယ်။ ဒါကလည်းပဲ ကျောင်းခေါင်မိုးတွေ၊ ပျက်စီးနေတဲ့ ပုံတွေဖြစ်ပါတယ်။ မျက်နှာကြက် ပျက်စီးနေတဲ့ ပုံတွေဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ ကျောင်းအတွင်းလမ်းလေးရဲ့ ပုံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းမှာ ခြံစည်းရိုး၊ အမိုးတွေပြင်ဖို့၊ ကျောင်းတွင်းလမ်းတွေ၊ ကျောင်းရဲ့ဥပမိရုပ် ကောင်းမွန်ဖို့လို့အတွက် လိုအပ်နေတဲ့ ဆေးသုတ်ခြင်းစတဲ့ ပြုပြင်မွမ်းမံစရာတွေကိုလည်းပဲ မွမ်းမံနိုင်ဖို့လို့အတွက်ကို လိုအပ်တဲ့ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကျွန်တော်တို့ သာမန်အသုံးစရိတ် ရန်ပုံငွေခေါင်းစဉ် အောက်ကနေ ခွဲဝေရရှိဖို့အတွက်ကို ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး လျာထားဆောင်ရွက်သွားဖို့အတွက်ကို လွှတ်တော်ကိုယ်စားလှယ်နှင့် ကျောင်းဒေသခံပြည်သူများနဲ့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပဉ္စမမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုဖို့ လေးစားစွာ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ခရိုင်အားဖြင့် (၆)ခရိုင်ရှိပြီးတော့ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ၊ (ကျိုက်လတ်) ပြီးရင် လပွတ္တာခရိုင်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)၊ မြောင်းမြခရိုင်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ဝါးခယ်မတို့မှာ GTI ဒီပလိုမာ(၃)နှစ် သင်တန်းတွေနဲ့ ဒေသလိုအပ်ချက်နဲ့ကိုက်ညီတဲ့ကာလတို သက်မွေးပညာသင်တန်းကျောင်းတွေကိုလည်းကောင်း၊ ဟင်္သာတခရိုင်မှာ အစိုးရနည်းပညာ အထက်တန်းကျောင်း (ဟင်္သာတ)၊ ပုသိမ်ခရိုင်မှာ အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)၊ မအူပင်ခရိုင်မှာ အစိုးရနည်းပညာ အထက်တန်းကျောင်း(မအူပင်)တို့မှာ GTHS (၂)နှစ်သင် သင်တန်းတွေကို ဒေသလိုအပ်ချက်နဲ့ ကိုက်ညီတဲ့ကာလတို သက်မွေးပညာသင်တန်းကျောင်းတွေ ဖွင့်လှစ်သင်တန်း ပို့ချနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကတော့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြသွားတဲ့အတိုင်းပဲ ဟင်္သာတခရိုင်မှာဆိုလို့ရှိရင် ဟင်္သာတမြို့သည် ခရိုင်မြို့ ဖြစ်ပါတယ်။ မြို့အားလုံးသည် မြို့နယ်အားလုံးကနေ ဟင်္သာတခရိုင်မှာပါဝင်တဲ့ ကျွန်တော်တို့ ဇလွန်၊ ပြီးရင် လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်းမြို့နယ်အားလုံးရဲ့ဆုံချက်သည် ဟင်္သာတမြို့နယ် ဖြစ်ပါတယ်။ ပြီးရင် ဟင်္သာတခရိုင်အတွင်းထဲမှာ လူဦးရေအများဆုံးကလည်း ဟင်္သာတမြို့နယ် ဖြစ်ပါတယ်။ ဒုတိယအများဆုံးက ကျွန်တော်တို့ မှန်ပါတယ်။ မြန်အောင်မြို့နယ် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်အောင်မြို့နယ်ကလည်းပဲ အထူးစဉ်းစားပေးရမယ့် မြို့နယ်ဖြစ်ပါတယ်။ သို့သော် ကြည့်လိုက်မယ်ဆိုလို့ရှိရင် မြန်အောင်မြို့ဟာ ဆိုလို့

ရှိရင် ကျွန်တော်တို့ဒါ မြို့သုံးမြို့ဖြစ်တဲ့ ကြံခင်း၊ မြန်အောင်၊ ကျွန်တော်တို့ နောက်တစ်မြို့ဟာဆိုလို့ရှိရင် ကနောင်မြို့ (၃)မြို့ကသာ နီးစပ်ပြီးတော့မှ ကျန်တဲ့မြို့တွေနဲ့ဆိုရင် အင်မတန် အလှမ်းကွာဝေး ပြီးတော့မှ မြန်အောင်မြို့သည် ဟင်္သာတခရိုင်မှာရှိတဲ့ မြို့နယ်အားလုံးရဲ့ ဆုံချက်မြို့တစ်မြို့ မဟုတ်ဘူး ဆိုတာကိုလည်းပဲ ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။

ဒီလိုပဲ ပဲခူးတိုင်းဒေသကြီး အနောက်ဖက်ကမ်းမှာရှိတဲ့ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ မိုးညို၊ မင်းလှ၊ လက်ပံတန်း၊ သာယာဝတီစတဲ့ မြို့တွေနဲ့လည်းပဲ ဟင်္သာတ ခရိုင်ကတော့ နီးစပ်လျက်ရှိတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးဖို့ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ မြေနေရာအနည်းဆုံး (၁၅)ဧကခန့် လိုအပ်မှာဖြစ်ပါတယ်။ သို့သော် ပညာရေးဝန်ကြီးဌာနအနေနဲ့ ခုလိုမျိုး THS တွေ၊ GTI တွေ တိုးချဲ့ဖွင့်လှစ်ဖို့ဆိုရင်တော့ တိုင်းဒေသကြီး၊ ပြည်နယ်မြို့များသည် ဦးစားပေးအလိုက် စီစဥ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တိုင်း ဒေသကြီး၊ ပြည်နယ်မြို့များအားလုံးမှာတော့ GTHS တွေ၊ GTI တွေ ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ အခုတော့ ကျွန်တော်တို့ ခရိုင်မြို့(၆၆)မြို့ ကျန်ပါတယ်။ အဲဒီ (၆၆)မြို့မှာတော့ မြို့နယ်တစ်ဝက်လောက်နီးပါးလောက် ကျွန်တော်တို့ GTHS တွေ၊ GTI တွေ ဖွင့်လှစ်ထားတာကိုတွေ့ရှိရပါတယ်။ အဲဒါတွေ ကျွန်တော်တို့ ဆက်လက်ပြီး ဦးစားပေး အစီအစဥ်အလိုက် တိုးချဲ့ ဖွင့်လှစ်ပေးသွားပြီဆိုရင်တော့ မြို့နယ်(၃၃၀)မှာ (၆၆)မြို့နယ် ဖွင့်လှစ်ပေးဖို့အတွက်ကျန်မယ်ဆိုရင်တော့ ကျွန်တော်တို့ (၂၆၄)မြို့နယ်ပဲ ကျန်မှာဖြစ်ပါတယ်။

ဒါတွေကို ဆက်လက်ပြီးတော့မှ (၂၆၄)မြို့နယ်ကို ဦးစားပေးအလိုက် တိုးချဲ့ဖွင့်လှစ်စီစဥ် ဆောင်ရွက်ပေးမှသာ၊ ကျွန်တော်တို့အနေနဲ့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွေ၊ အထက်တန်း ကျောင်းတွေ၊ အစိုးရစက်မှုလက်မှုသိပ္ပံတွေကို စနစ်တကျဖွင့်လှစ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဟာလေးတွေကိုတော့ ခွင့်ပြုဘဏ္ဍာငွေအရ၊ ဦးစားပေးအစီအစဥ်အရ ဖွင့်လှစ်ပေးဖို့ အတွက်ကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်တော်လေးစားစွာ တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ မြန်အောင်မှာ AGTI ကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးဖို့ဆိုတာ လောလောဆယ်တော့ မလွယ်သေးပါဘူး။ ဒါတွေကို ကျွန်တော်တို့ ဦးစားပေးအစီအစဥ်အရပဲ ခရိုင်တွေကို အရင်ဆုံးဦးစားပေး ဖြည့်ဆည်းပြီးမှ မြို့နယ်တွေကို ဆက်လက် တိုးချဲ့ဖွင့်လှစ် စီစဥ်ဆောင်ရွက်သွားမှသာ ဒါတွေကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက် သွားရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒါတွေကို လိုအပ်မှန်းလည်း ကျွန်တော်တို့သိပါတယ်။ ဒီဟာတွေသည် လူငယ်တွေအတွက်လည်းပဲ အထူးအရေးကြီးတဲ့ သင်တန်းတွေဆိုတာကို နားလည် ပါတယ်။ သို့သော် ကျောင်းတွေတိုးချဲ့ဖွင့်လှစ်နိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့မှာ သင်တန်းဆရာတွေ ပြုစုပျိုးထောင်ပြီးတော့မှ စနစ်တကျဖွင့်လှစ်သွားမှသာ၊ လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းဆောင်ရွက် သွားမှသာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အတွက် ဒါတွေကိုတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးမေး။ လိုရင်းမေးပါ။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဖြေသွားတာတွေကတော့ တော်တော်ကျယ်ကျယ်ပြန့်ပြန့် ဖြေသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီဖြေသွားတဲ့အထဲမှာ အဓိက ကျွန်တော့်မေးခွန်းက အပိုင်း(၂)ပိုင်းရှိပါတယ်။ တစ်ပိုင်းက ကျောင်းတွေစိစစ်ဖို့နဲ့ နောက်တစ်ပိုင်းက သင်တန်းကျောင်းကြော်ငြာတွေကိစ္စပါ။ ကျောင်းတွေ စိစစ်တဲ့အပိုင်းပဲဖြေသွားတာကို ကျွန်တော်တွေ့ရှိရပါတယ်။ အဲဒီကျောင်းတွေ စိစစ်တဲ့အပိုင်းမှာလည်း ပုဂ္ဂလိကကျောင်းဥပဒေတွေ မပြဋ္ဌာန်းနိုင်မီမှာ MIC ရဲ့ ခွင့်ပြုချက်နဲ့ ကျောင်းတွေဖွင့်နေတယ်ဆိုတာလေးပါပါတယ်။ အဲဒါကိုလည်း ဒီပညာရေးဝန်ကြီးဌာနကို ညှိနှိုင်းလာလို့ရှိရင် ဌာနကနေ စိစစ်ပေးတဲ့အချက်တွေလည်း အများကြီးတင်ပြသွားပါတယ်။ အဲဒီတော့ ကျွန်တော်သိချင်တာက MIC ခွင့်ပြုချက်မယူဘဲ ဖွင့်နေတဲ့ ကျောင်းတွေလည်း ရှိနေတယ်လို့ မြင်ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

အဲဒီတော့ အဲဒီကျောင်းတွေကိုရော ဘယ်လိုအရေးယူဆောင်ရွက်မလဲ။ ဘယ်ဌာနမှာ တာဝန်ရှိသလဲပေါ့။ အဲဒါလေးသိချင်ပါတယ်။ နောက် ဒုတိယအပိုင်းဖြစ်တဲ့ သင်တန်းကျောင်းကြော်ငြာတွေကိစ္စ၊ အဲဒီ ကြော်ငြာတွေကိုလည်း စိစစ်ပေးဖို့ အစီအစဉ် ရှိ/မရှိ အဲဒါလေး သိချင်ပါတယ်ခင်ဗျား။ လေးစားရပါတယ်။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနမှာ မှတ်ပုံမတင်ထားတဲ့ ကျောင်းတွေ၊ ဖွင့်လှစ်တဲ့ ကျောင်းတွေကိုတော့ ကျွန်တော်တို့အနေနဲ့ စီစဉ်ဆောင်ရွက်ပေးဖို့အတွက် မရပါဘူး။ ကျွန်တော်တို့ အခု MIC က စတင်ပူးပေါင်းပြီးတော့မှ ဆောင်ရွက်တာလည်းပဲ ယခု ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စတင်ပြီးတော့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျောင်းသုံးကျောင်းပဲ စိစစ်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့ကျောင်းတွေကတော့ ကျွန်တော်တို့ဆီမှာ မှတ်ပုံလည်းမတင်ရသေးဘူး။ ယခု စိစစ်ဆဲကျောင်းတွေကလည်း ဖွင့်လှစ်နေတယ်။ အတည်မပြုသေးဘဲနဲ့ ဖွင့်လှစ်နေတယ်ဆိုလို့ရှိရင်တော့လည်း ကျွန်တော်တို့ ဆောင်ရွက်လို့မရပါဘူး။ ကျွန်တော်တို့ကတော့ သူ့ရဲ့လုပ်ထုံးလုပ်နည်း ဥပဒေ၊ နည်းဥပဒေတွေအရပဲ စိစစ်ဆောင်ရွက်သွားလို့ရပါတယ်။

ဒီလို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဒီဟာတွေကို ပူးပေါင်းဆောင်ရွက်သွားလို့ရပါတယ်။ သို့သော် ဥပဒေ၊ နည်းဥပဒေတွေအရ ပညာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်သော ကျောင်းများမဟုတ်ဘူးဆိုရင်တော့ စိစစ်ဆောင်ရွက်ပေးဖို့အတွက်ကတော့ ခက်ခဲမှုရှိတယ်ဆိုတာကိုလည်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်

ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို စတင်တင်သွင်းခဲ့တဲ့ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာ၀ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ကျော်သီဟ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနဲ့ ပြန်လည်ပေးပို့လာခြင်းအပေါ်မှာ အခန်း (၅)၊ ပုဒ်မ ၁၀ အသစ်ဖြည့်စွက်ချက်နှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားတဲ့ အကြောင်းမှာ ဝန်ကြီးဌာနသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးငှာ နိုင်ငံတော်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့် ပူးပေါင်း၍ နိုင်ငံတကာအဆင့် စံချိန်၊ စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်လို့ အသစ်ဖြည့်စွက်ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်ပိုင်လုပ်ငန်းလုပ်မယ်ဆိုလို့ရှိရင် မည်သည့်အစိုးရဖြစ်ဖြစ်၊ မည်သည့်ပုဂ္ဂိုလ်မဆို နိုင်ငံတော်အကျိုးအတွက် ရည်စူးပြီးတော့မှ လုပ်ကြမှာကတော့ အမှန်ဧကန်ပဲဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်စီးပွားရေးကို ဦးဆောင်လုပ်ကိုင်မယ်ဆိုတဲ့နေရာအတွက် ကျွန်တော်တို့ အများကြီးစဥ်းစားစရာအကြောင်းရှိပါတယ်။

အဲဒါကြောင့်မို့လို့ မြန်မာ့ကျောက်မျက်ရတနာတွေကို တစ်ခါ ထပ်ပြီးတော့ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ အကောင်အထည်ဖော်မယ်ဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ နိုင်ငံမှာ ထွက်တာက ရွှေ၊ ငွေ၊ ကြေးနီ၊ ပတ္တမြားတွေ ထွက်တာခြင်းတူပေမယ့် သတ္တုလို့ပြောနိုင်တဲ့ နိုင်ငံတကာမှာ ထွက်နေတဲ့ သတ္တုတွေ၊ ရွှေ၊ ငွေ၊ ကြေးနီတွေကတော့ မှန်ပါတယ်။ နိုင်ငံတကာမှာ ထွက်တယ်။ နိုင်ငံတကာရဲ့ စံချိန်စံညွှန်းနဲ့ Mine Plan တွေ၊ Pit Plan တွေ ထုတ်ပြီးတော့မှ လုပ်ဖို့တော့လိုအပ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကမ္ဘာမှာကို အများဆုံးထွက်ပြီး အင်မတန် တန်ဖိုးကြီးတဲ့ ကျောက်မျက်ရတနာလုပ်ငန်းကိုတော့ နိုင်ငံတကာစံချိန်စံညွှန်း ညှိနှိုင်းစရာအကြောင်းမရှိဘူးဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၁၉၉၅ ခုနှစ်၊ အစောပိုင်းကျောက်မျက်ရတနာ ဥပဒေမှာလည်းပဲ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန်အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာတူးဖော်နိုင်သည့် နေရာများကို အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမယ်လို့ ဥပဒေမှာ ပြဋ္ဌာန်းခဲ့ဖူးပါတယ်။ အဲဒါကို ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း အခန်း ၄၊ ပုဒ်မ ၈ မှာ ကျွန်တော်တို့ ပြင်ဆင်ပြီးတော့မှ သယံဇာတနှင့် သဘာ၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန်အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာတူးဖော်နိုင်သည့်နေရာများကို အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမယ်လို့ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

အဲဒီလို ပြင်ဆင်ဖြည့်စွက်ရတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ပြောမယ်ဆိုလို့ရှိရင် အကြီးစားလုပ်ငန်း၊ နိုင်ငံတော်ပိုင်လုပ်ငန်းသာ လုပ်ကိုင်ခဲ့မယ်ဆိုလို့ရှိရင် လက်ဝါးကြီးအုပ်ချုပ်ကိုင်တဲ့ ဗဟိုချုပ်ကိုင်မှုများကနေပြီးတော့မှ ကာကွယ်နိုင်ဖို့ ကျွန်တော်တို့ ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခါ အခြေခံတိုင်းရင်းသား ဒေသခံပြည်သူတွေရဲ့ လုပ်ကိုင်မှုအခွင့်အလမ်းတွေလည်းပဲ ပိုမိုပြီးရရှိအောင်လို့ ကျွန်တော်တို့ တင်ပြထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားတဲ့ အခန်း ၅ ပုဒ်မ ၁၀ ကို ပယ်ဖျက်ပေးနိုင်ရန်အတွက် ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၇။**

**ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဖားကန့်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို ဆွေးနွေးသွားမှာလည်း ဖြစ်ပါတယ်။ အခန်း ၄၊ အပိုဒ် ၉ (ခ)၊ ပုဒ်မ က အရ ကျောက်မျက်ရတနာ လုပ်ကွက်များသတ်မှတ်ရာတွင် လုပ်ကွက်တစ်ခုနှင့်တစ်ခု ပူးပေါင်းတူးခွင့်မပြုရန် မြေစာပတ်လမ်းဖြင့် ချန်ထားရပါမယ်။ ပေါင်းမတူးရဟု တိကျစွာဖော်ပြသင့်ပါတယ်။ အခန်း ၅၊ အပိုဒ် ၁၀ ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်သင့်ပါတယ်။ ၎င်းသည် နိုင်ငံတော်နှင့်အကျိုးတူ လုပ်ငန်းပုံစံဖြစ်သောကြောင့် ပယ်ဖျက်ရပါမယ်။ အကြောင်းပြချက်။ နိုင်ငံတော်သည် ၎င်းကိုယ်တိုင် ပါဝင်လုပ်ကိုင်စရာမလိုဘဲ ပုဂ္ဂလိကကုမ္ပဏီများကိုသာ လုပ်ကိုင်ခွင့် လိုင်စင်ချပေးရပါမယ်။

နိုင်ငံတော်ကလုပ်လျှင် အရှုံးများပြီး ကျောက်မျက်တူးဖော်မှု၊ လက်ဝါးကြီးအုပ်မှု စီးပွားရေးစနစ်များ ဖြစ်ပေါ်လာသောကြောင့်ဖြစ်ပါတယ်။ ဧကများစွာယူပြီး ယန္တရားများ တူးဖော်သောစနစ်သာဖြစ်ပါတယ်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်များစွာလည်း ထိခိုက်ပျက်စီးနိုင်ပါတယ်။ ရေကြီးမှုများ၊ မြေပြိုမှုများ၊ ဘေးအန္တရာယ်များပြီး အကျိုးတူစနစ်ကြောင့် လူများသေကြေထိခိုက် ဒဏ်ရာရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရနှင့်ပူးပေါင်းလုပ်ကိုင်မှုကို ပယ်ဖျက်ရပါမယ်။ သားစဉ်မြေးဆက်လုပ်ကိုင်စားသောက်မှုမူနဲ့လည်း ဆန့်ကျင်ပြီး တိုင်းရင်းသားပြည်နယ်များ တစ်ချိန်တွင် ဖက်ဒရယ်ရလာလျှင် Power Sharing, Resource Sharing များလုပ်ရပါမယ်။

ထိုအချိန်တွင် ကျောက်စိမ်းသယံဇာတများ ချန်ထားဖို့လည်း အရေးကြီးပါတယ်။ အခန်း ၅ အပိုဒ် ၁၆၊ ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ရန် သက်တမ်းကို တစ်ကြိမ်ထက်ပိုပေး

သင့်ပါတယ်။ အဘယ်ကြောင့်ဆိုသော် မိုးတွင်းကာလတွင် လုပ်ငန်းလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ နည်းပါးခြင်း၊ လုပ်ကွက်များရေပြည့်ရေလျှံခြင်း၊ ရေများထွက်ခြင်း၊ မြေများပြိုခြင်းကြောင့် ရေများ စုတ်ထုတ်လျှင် အချိန်များစွာလိုအပ်ပါတယ်။ မြေစာသယ်ထုတ်လျှင် အချိန်များစွာ လိုအပ်ပါတယ်။ ထို့ကြောင့် လုပ်ကိုင်သည့် ကုမ္ပဏီများ စိတ်ချမ်းသာစွာလုပ်ကိုင်နိုင်ရန် အချိန်များစွာ လိုအပ်ပါတယ်။ သို့မဟုတ် အချိန်ယူပြီး သေချာစွာမလုပ်နိုင်ပါက ကျောက်စိမ်းများလွန်းနိုင်ပါတယ်။ ထိုအခါ ရေမဆေး ရှာဖွေမှုများ များပြားလာပြီး တရားဥပဒေစိုးမိုးမှု ခက်ခဲလာပါမယ်။ ယခင်က အကျိုးတူလုပ်ခွင့်ရ သကဲ့သို့ တရားဥပဒေစိုးမိုးမှုအားနည်းကာ ထိန်းမနိုင်သိမ်းမနိုင်ဖြစ်ပြီး မလိုလားအပ်သော ရုန်းရင်း ဆန်ခတ်မှုများ၊ ပစ်ခတ်မှုများ ဖြစ်လာနိုင်သည့်အတွက် လုပ်ကွက်သက်တမ်းကို တစ်ကြိမ်ထက်မက ပိုတိုးပေးသင့်ပါတယ်။

အပိုဒ် ၅၊ အခန်း ၅ အပိုဒ် ၁၈ (ဂ) အသေးစားကျောက်မျက်တူးဖော် ထုတ်လုပ်ခြင်း ကိုလည်း သက်တမ်းတစ်ကြိမ်ထက် ပိုပေးသင့်ပါတယ်။ သို့မှသာ လုပ်ကိုင်ခွင့်ရသူများသည် စိတ်ချမ်းသာစွာ လုပ်ကိုင်လို့ရပါမယ်။ ကျိုးကြောင်းပြ။ လုပ်ကိုင်ခွင့်အလတ်စားကဲ့သို့ တစ်ကြိမ်ထက် ပိုပေးသင့်ပါတယ်။ အခန်း ၆၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲငယ် ၄ ပြည်ပသို့နိုင်ငံခြားငွေဖြင့် အခွန်ဆောင်ပြီး တင်ပို့ရောင်းချခွင့် ရှိရပါမယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဖြစ်သင့်ပါတယ်။ နိုင်ငံခြားတိုင်းပြည်များ၏ ပြပွဲများ၊ ကျောက်မျက်ရတနာ ပြပွဲများတွင် ကျောက်စိမ်းအရိုင်းတုံးများကို သွားရောက်ရောင်းချရန် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရောင်းချခွင့်ပြုသင့်ပါတယ်။ ပြည်သူ့ လွှတ်တော်က ပိတ်ထားသည်ကိုလည်း ပယ်ဖျက်သင့်ပါတယ်။

ကျိုးကြောင်းပြရန်မှာ ကျောက်စိမ်းအရိုင်းတုံးများသည် အလုံးတိုင်း အောင်ကျောက် မဟုတ်ပါ။ အလုံးတစ်ထောင်မှ တစ်လုံးအောင်ဖို့ ခဲယဉ်းပါတယ်။ လက်တွေ့ကျသည်မှာ နိုင်ငံခြားသို့ နိုင်ငံခြားငွေဖြင့်ရောင်းချရန် မပိတ်ပင်သင့်ပါ။ ကျောက်ကုမ္ပဏီများသည် လုပ်ငန်းလည်ပတ်ရန် ငွေပင်ငွေရင်းများစွာ စိုက်ထုတ်မြှုပ်နှံရသောကြောင့် ငွေပေါ်ရန်ရောင်းချချင်ကြပါတယ်။ သို့မှသာ လုပ်ငန်းလည်ပတ်လုပ်ကိုင်နိုင်ပါမည်။ ကျောက်စိမ်းအရိုင်းတုံးများကို ဖြတ်လျှင် ၎င်းတို့ အရင်အနှီး ရှုံးသွားလျှင် ၎င်းတို့ အရင်းအနှီးရရန် တရုတ်ပြည်မှာကဲ့သို့ ကျောက်စိမ်းကုမ္ပဏီများကို ငွေချေးငှား သည့် ဘဏ်များလည်း မြန်မာပြည်တွင် မပေါ်ပေါက်သေးပါ။ ပေါ်ပေါက်ဖို့လည်း လိုအပ်ပါတယ် ခင်ဗျား။ ထို့ကြောင့် ကျောက်စိမ်းအရိုင်းတုံးများကို ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် နိုင်ငံတကာသို့ ရောင်းချခွင့်ပြုသင့်ပါတယ်။ ပိတ်ပင်ထားပါက တစ်ဖက်နိုင်ငံသို့ ကျောက်စိမ်းအရိုင်းတုံးများ မှောင်ခို နည်းလမ်းဖြင့် ထွက်နေဦးမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ ယခု ဥပဒေထွက်ပေါ်ပြီးလျှင် ၂၀၁၆ ခုနှစ်၊ မတ်လပိုင်းက သက်တမ်းတိုးထားသော အကျိုးတူလုပ်ကွက်များအားလုံးလည်း ရပ်ဆိုင်းသင့်ပါ ကြောင်းပါ ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၁၂။**

**ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ အပိုဒ်(၃)ပိုဒ်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ အခန်း(၅)၊ အပိုဒ် ၁၀ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုမှုနဲ့ပတ်သက်လို့ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကိုယူပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ပယ်ဖျက်ရန်ဖြစ်ပါတယ်။ အကြောင်းကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာ လုပ်ကိုင်ခွင့်ပြုမည့် လုပ်ကွက်တစ်ခုချင်းအတွက် လွန်ခဲ့သော တူးဖော်ထုတ်လုပ်သည့်ကာလက ဆောင်ရွက်မှုသာလွန်ကောင်းမွန်သော ခွင့်ပြုမိန့်ရရှိသူကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ လက်ရှိ လက်ငုတ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သူကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ ဒေသခံများကို တတိယဦးစားပေးအဖြစ်လည်းကောင်းဟု ပါရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာတော့ သတ်မှတ်ချက်များနှင့်အညီ တင်ဒါစနစ်ဖြင့် ရွေးချယ်ရမည်ဟု ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံများကို နောက်ဆုံး တတိယဦးစားပေးနေရာမှာ ထားခြင်းကိုက အလွန်မဆီလျော်သော အချက်ဖြစ်ပါတယ်။ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး၊ သားစဉ်မြေးဆက် တူးဖော်ထုတ်လုပ်နိုင်ရေး စသည်တို့နှင့် လွန်စွာမှ ကွာခြားနေပါတယ်။ ရေကြီးရေလျှံဖြစ်လျှင်လည်း ဒေသခံများခံရ၊ မြေစာပုံပြိုရင်လည်း ဒေသခံများခံရ၊ ပတ်ဝန်းကျင်ပျက်စီးလည်း ဒေသခံများခံရနှင့် နောက်ဆုံးတိုက်ပွဲဖြစ်လို့ စစ်ဘေးရှောင်တော့လည်း ဒေသခံတို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေဖြင့် အခန်း(၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ပယ်ဖျက်ပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ယူရန်ဖြစ်ပါတယ်။ အကြောင်းကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာ ခွင့်ပြုမိန့် သက်တမ်းတိုးခြင်းအတွက် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် (၃)နှစ်ထက်မပိုစေဘဲ သက်တမ်းတိုးမြှင့်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်ဆိုပြီး ပါရှိပါတယ်။ ပြည်သူ့လွှတ်တော်မှာတော့ (၃)နှစ်အထိ (၁)ကြိမ်သာ သက်တမ်းတိုးခွင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်ဟု ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၃)နှစ်အထိ (၁)ကြိမ်တည်းသာ သက်တမ်းတိုးခွင့်ပြုမည်ဆိုပါက သက်တမ်း (၂)ကြိမ်အတွင်းမှာ အကုန်ပြောင်အောင် တူးခိုင်းသော သဘော သက်ရောက်နေပါတယ်။ သာမန်မြေတူးစက်ဖြင့် တူးဖော်ရမည်ဖြစ်သောကြောင့် အချိန်မီ မပြီး၍ မူလတူးဖော်သူများ နစ်နာနိုင်ပါတယ်။ အမြန်တူးခိုင်းသည့် သဘောဖြစ်ခြင်းကြောင့် အကြောက်လွန်၍ တစ်နည်း၊ ကျောက်ကျော်သွား၍ ရေမဆေးသမားများနှင့် ပဋိပက္ခ ပိုမိုများပြားနိုင်ပါတယ်။ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေ

ပါတယ်။ ဒါကြောင့် သားစဉ်မြေးဆက် ရေရှည်ထုတ်ယူနိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူသင့်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအနေနဲ့ အခန်း(၆) အပိုဒ် ၂၂ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)(၆)(ဂု)တို့ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကိုယူပြီး ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ပယ်ဖျက်ရန် ဖြစ်ပါတယ်။ အကြောင်းကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ပုဒ်မ ၄ မှာ ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တင်ပို့ရောင်းချခွင့် ရှိပြီး ပုဒ်မ ၅ (ဂ)(၆)မှာ ပြည်ပမှ ရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရောင်းချခွင့်ရှိသည်။ (ဂ)(ဂု)မှာ ပြည်ပကျောက်မျက်ရတနာပြပွဲများတွင် သွားရောက်ရောင်းချခွင့် ရှိသည်ဟုပါရှိပြီး ပြည်သူ့လွှတ်တော်ကတော့ ပယ်ဖျက်ခိုင်းထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ဈေးကွက်စီးပွားရေးစနစ်ကိုသွားနေသည့် ကာလလည်း ဖြစ်ပါတယ်။ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေသည့် ကာလလည်း ဖြစ်ပါတယ်။ တိုင်းရင်းသား လုပ်ငန်းရှင်များရဲ့ အခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ဈေးကွက်ကို ရေတွင်းထဲ ကျနေတဲ့ ဖားငယ်လေးလို ပိတ်လှောင်မထားဘဲ ချဲ့ထွင်ပေးရမှာဖြစ်ပါတယ်။ ကျောက်တိုင်းဖြတ်၍ မအောင်ပါ။ ကျောက်ရိုင်းအားလုံးကို အချောထည်ပြုလုပ်၍ ဈေးကွက်ကိုလည်း မထိုးဖောက်နိုင်ပါ။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးနှင့် Third Party မှ ရာဖြတ်ပညာရှင်များ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းမှ ပုဂ္ဂိုလ်များ ပူးပေါင်းဆုံးဖြတ်၍ အခွန်ဆောင်စေပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချခွင့်ပြုသင့်ပါတယ်။ နိုင်ငံတော်မှ ဝင်ငွေ၊ အခွန်ငွေ ပိုမိုရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မျက်ပြပွဲတစ်ခုတည်းမှ ဖြတ်သန်းရောင်းချရမည်ဆိုပါက ကျောက်မျက်ပြပွဲကို ရောက်မလာတော့ဘဲ ကျောက်မျက်ကောင်းများ မှောင်ခိုထွက်ဖို့ အားပေးနေသကဲ့သို့ ဖြစ်နေပါတယ်။ ကျောက်ကောင်းများ တရားမဝင်ထွက်သွား၍ နိုင်ငံတော်မှ အခွန်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါတယ်။ နိုင်ငံ့စီးပွားရေးကို ကျောက်မျက်ကဏ္ဍမှ ပိုမိုမြှင့်တင်နိုင်ရန် အားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။

သို့ပါ၍ ပုဒ်မ ၄၊ ပုဒ်မ ၅ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် (သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၁၈ နာရီ အချိန်တွင် ရပ်နားပါသည်။]